## ဆန္ဒပြပွဲတွေ အောင်မြင်နိုင်ဖို့

လမ်းမတွေပေါ်မှာဖြစ်ဖြစ်၊ အလုပ်ရုံ စက်ရုံ ရုံးတွေ ကျောင်းတွေမှာပဲဖြစ်ဖြစ် ၊ သတ်မှတ်ထားတဲ့ နေရာတခုမှာဖြစ်ဖြစ် လူထုက ငြိမ်းငြိမ်းချမ်းချမ်း ကန့်ကွက်ဆန္ဒပြတာဟာ လူထုလှုပ်ရှားမှု ဖြစ်ပါတယ်။ အာဏာပိုင်တွေက အကြမ်းဖက် မဖြိုခွဲရင် ဆန္ဒပြသူတွေဟာ ဒီလိုဆန္ဒပြပွဲတွေကနေ သူတို့မကျေနပ်မချင်း ဆန္ဒဆက်ပြကြပါတယ်။ ဒီအခါမှာ လူနည်းစုလောက်နဲ့ စလိုက်တဲ့ ဆန္ဒပြပွဲကနေ  အချိန်တိုအတွင်း အရှိန်အဟုန် ကြီးမားသွားတတ်ပါတယ်။ ခန့်မှန်းလို့မရနိုင်အောင် နေရာအများကြီးကို တမဟုတ်ချင်း ပြန့်နှံ့သွားတတ်ပါတယ်။ ဒီလိုဖြစ်နိုင်ဖို့ ဆန္ဒပြသူတွေဘက်က  အခြေခံ လိုအပ်ချက်တွေကတော့

- ✳ အနစ်နာခံ စွန့်စားနိုင်တဲ့၊ လှုပ်ရှားမှုဆိုင်ရာနည်းစနစ်တွေ ကျွမ်းကျင်တဲ့ ခေါင်းဆောင်ကောင်းတွေ ရှိနေဖို့၊
- ✳ လူ့အလွှာပေါင်းစုံက အကြောက်တရားမရှိပဲ ပါဝင်လာနိုင်ဖို့၊
- ✳ အချင်းချင်းပူးပေါင်းနိုင်ဖို့၊
- ✳ ဆန္ဒပြသူတိုင်းက စည်းကမ်းရှိပြီး ခေါင်းဆောင်တွေရဲ့ ညွှန်ကြားချက်ကို လိုက်နာဖို့၊
- ✳ နိုင်ငံရေးအသိုင်းအဝိုင်းကလည်း ထောက်ခံအားပေးတာတွေ ရှိနေဖို့၊
- ✳ မီဒီယာ ပံ့ပိုးနိုင်မှုကလည်း အားကောင်းနေဖို့ ဖြစ်ပါတယ်။

မိမိတို့ဘက်က ဒီလိုအခြေအနေကောင်းတွေ ရှိနေရုံနဲ့လည်း ဆန္ဒပြပွဲကြီး အောင်မြင်တာ မဟုတ်ပါဘူး။ ဆန္ဒပြပွဲရဲ့သဘာဝမှာကိုက ဆန့်ကျင်ဘက် နှစ်ဖက်က ထိပ်တိုက်တွေ့တာဖြစ်လို့ ဆန္ဒပြခံရတဲ့ဘက်မှာ မိမိတို့လိုချင်တဲ့အနေအထားရောက်လာအောင် ကျဆင်းလာနေမှသာ အောင်မြင်တတ်ပါတယ်။ အလွန်စွမ်းအားကြီးမားတဲ့ ဆန့်ကျင်ဘက် စစ်တပ်နှစ်ခုဟာ ဘယ်တော့မှမတိုက်ကြပါဘူး။ တိုက်ရင် ဘယ်သူမှအောင်ပွဲမရပဲ နှစ်ဘက်စလုံးသာ သေကြေဆုံးရှုံးရမှာကို ရှေ့ရေးမြော်မြင် သုံးသပ်တတ်တဲ့ ခေါင်းဆောင်တွေက ကြိုတွက်ပြီးသားဖြစ်ပါတယ်။ အခြားတဘက်ကို အားနည်းသွားဖို့သာ အရင်အားထုတ်လေ့ ရှိပါတယ်။ လူထုဆန္ဒပြပွဲကိုလည်း ဒီသဘောအတိုင်း ယူရမှာဖြစ်ပါတယ်။ မိမိဘက်မှ အားကောင်းရုံနဲ့မရပဲ အခြားတဘက်က အားနည်းနေမှသာ အောင်မြင်နိုင်ပါမယ်။

ဆန္ဒပြခံရတဲ့ အခြားတဘက်ဟာ နိုင်ငံတော်အာဏာကို ချုပ်ကိုင်ထားတဲ့ အာဏာရှင်အစိုးရဆိုပါစို့။ အာဏာရှင်အနေနဲ့ ရပ်တည်နိုင်ဖို့က သူတဦးတယောက်တည်းရဲ့ စွမ်းအားနဲ့ ဘုန်းကံနဲ့ ဖန်တီးလို့ ဘယ်တော့မှ မရပါဘူး။ အမှီမရှိပဲ ဘယ်သူမှ မရပ်တည်နိုင်ပါဘူး။ ကောင်းကင်ပေါ်က အလိုလိုကျလာတာလည်း မရှိပါဘူး။ ဒါကြောင့်အာဏာရှင်ဟာ လူမွေးရပါတယ်။ အာဏာရှင်ပီပီ အံတုလာသူကို ရက်ရက်စက်စက် ခြိမ်းခြောက်၊ နှိပ်ကွပ်ရတဲ့အပြင် သူ့အမိန့်ကို နာခံမယ့်သူတွေကိုလည်း အဆောင်အယောင်တွေနဲ့ ပေးကမ်းပေါင်းသင်းထားရပါတယ်။ အပြစ်လုပ်ထားသူတွေကို အပြစ်မပေးပဲ လိုရင်လိုသလို အသုံးချဖို့လည်း လက်သပ်မွေးထားတတ်ပါတယ်။ အဲဒီသူတွေကို အာဏာရှင်ရဲ့ ထောက်တိုင်တွေလို့ ခေါ်ပါတယ်။ ဘယ်လိုလူတွေလည်း ဆိုတော့

- ▪ စစ်တပ် (သို့) ကြေးစားစစ်တပ် (သို့) အဓိကရုဏ်း နှိမ်နင်းရေးတပ် (သို့) လက်မရွံ့တပ် (သို့) ပြည်သူ့စစ်
- ▪ ရဲနှင့် ထောက်လှမ်းရေး (တရားဥပဒေဆိုင်ရာ ထောက်လှမ်းစုံစမ်းဖို့ အခြေခံဥပဒေက ခွင့်ပြုထားတာထက် ပိုပြီးအသုံးချခံနေရသူတွေ)
- ▪ အစိုးရဝန်ထမ်း
- ▪ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ သူတို့ရဲ့ ဘာသာရေးအသင်းတွေ
- ▪ အစိုးရထိန်းချုပ်ထားတဲ့ မီဒီယာ
- ▪ အစိုးရက လက်ဝါးကြီးအုပ် ထိန်းချုပ်ထားတဲ့ စီးပွားရေး
- ▪ အစိုးရကို ထောက်ခံတဲ့ အစိုးရနဲ့မဆိုင်တဲ့ လူမှုအသင်းအဖွဲ့ အန်ဂျီအိုတွေနဲ့
- ▪ အစိုးရထိန်းချုပ်မှုအောက်မှာရှိတဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား အစည်းအရုံးတွေပါပဲ။

အာဏာရှင်ကို ယိုင်းပင်းကူညီနေတဲ့ အဲဒီထောက်တိုင်တွေ ရှိနေလို့သာ အာဏာရှင်စနစ် ရှင်သန်နေရတာ ဖြစ်ပါတယ်။ ထောက်တိုင်တွေ မရှိတော့ရင် အာဏာရှင်စနစ် ဘုန်းဘုန်းလဲပြိုကျရပါတယ်။

အာဏာရှင်ရဲ့လုပ်ရပ်ကို ထောက်တိုင်တွေက မကျေနပ်တာ ရှိတတ်စမြဲဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သူတို့အချင်းချင်းကြားမှာ အပြိုင်အဆိုင်တွေ ရှိနေလို့၊ အခွင့်အရေးရတာချင်း မညီမျှလို့ ဖြစ်ပါတယ်။ အာဏာရှင်က ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာနေတာတွေ၊ တရားဥပဒေမဲ့ အနိုင်ကျင့်နေတာတွေကိုလည်း သူတို့က ကိုယ်ချင်းစာစိတ်နဲ့ ခံပြင်းနေတတ်ကြပါတယ်။ သူတို့ကိုယ်တိုင်နဲ့ သူတို့မိသားစုတွေဟာ "တို့အလှည့် ဘယ်တော့ရောက်လာမလဲ"ဆိုပြီး စိုးရိမ်ကြောင့်ကျနေတတ်ပါတယ်။ ဒါတွေအားလုံးဟာ တဖြည်းဖြည်း စုစည်းလာပြီး တချိန်ချိန်မှာ အကြီးအကျယ် ပေါက်ကွဲသွားတတ်ပါတယ်။ တဦးချင်းပေါက်ကွဲတာထက် အများစုက တပြိုင်တည်း

ပေါက်ကွဲတာက လူထုဆန္ဒပြပွဲ အောင်မြင်ဖို့ ဖြစ်စေပါတယ်။ ဒီလိုမျိုး ဖြစ်နိုင်အောင် နိုင်ငံရေးလမ်းကြောင်းကနေ ကြိုတင် အချိန်ပေးပြီး ဖန်တီးယူထားရပါတယ်။

အာဏာရှင်ဘက်မှာ အားနည်းနေပြီး လူထုဘက်မှာ အားသာနေမှသာ လူထုဆန္ဒပြပွဲ အောင်မြင်ဖို့ အလားအလာရှိနိုင်တာကို သတိချပ်ရပါမယ်။ ဒါကြောင့် နိုင်ငံရေးလမ်းကြောင်းကို တီးမိခေါက်မိရှိကြတဲ့ လူထု ခေါင်းဆောင်တွေဟာ တချိန်တည်းမှာ အလုပ်ကြီးနှစ်ခုကို တပြိုင်တည်း လုပ်နေရပါတော့တယ်။

## ဆန္ဒပြပွဲ အမျိုးအစား

ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် အစိုးရနဲ့ ပြည်သူလူထုတို့ ထိပ်တိုက်တွေ့ကြရမှာ လူထု အတိုင်းအတာနဲ့လုပ်နိုင်တဲ့ ဆန္ဒပြပွဲ အမျိုးအစားတွေကတော့

၁။ စီးပွားရေးသပိတ်
၂။ အလုပ်သမား သပိတ်
၃။ လယ်သမား သပိတ်
၄။ ကျောင်းသား သပိတ်
၅။ ဝန်ထမ်းသပိတ်
၆။ ရွေးကောက်ပွဲ သပိတ်
၇။ ဘာသာရေး သပိတ်
၈။ လူမျိုးရေး သပိတ်
၉။ အကျဉ်းထောင် သပိတ်
၁၀။ နစ်နာဆုံးရှုံးသူတို့၏ သပိတ် (ဥပမာ– အိမ်ရှင်မများ သပိတ်)
၁၁။ ဆန္ဒပြသူတို့အား စာနာထောက်ခံအားပေးသည့် သပိတ် (ကိုယ်တိုင်တိုက်ရိုက် မခံစားရပေမယ့် ဝင်ရောက်ကူညီပေးတာမျိုးဖြစ်ပါတယ်။ များသောအားဖြင့် နိုင်ငံတကာမှ လုပ်ပေးပါတယ်။ ဥပမာ– မြန်မာနိုင်ငံမှာ ဖမ်းဆီးခံနေရတဲ့ အကျဉ်းသမားများအားလုံး လွတ်မြောက်ရေးအတွက် (၂၁)နိုင်ငံက ပြည်သူတွေဟာ ၄–၉–၀၇ နေ့က သူတို့နိုင်ငံအသီးသီးမှာ အစာတော်ခံ ဆန္ဒပြပွဲကို ကျင်းပခဲ့ကြ ပါတယ်။)
၁၂။ လူထုအကျိုးအတွက် သယ်ယူပို့ဆောင်ရေးစနစ်သစ်တခုကို ဖန်တီးခြင်း (သပိတ်အမျိုးအစားတခု ဖြစ်ပါတယ်။ ဥပမာ– တတ်နိုင်တဲ့သူတွေက စရိတ်လျှော့ပေးတာမျိုး၊ စရိတ်ငြိမ်း သယ်ယူပို့ဆောင်ပေး တာမျိုး ဖြစ်ပါတယ်။)
၁၃။ နောက်ကွယ်မှ လျှို့ဝှက်ကြိုးကိုင်စီစဉ်နေသူများ၊ လျှို့ဝှက်ထောက်လှမ်းရေးများ၊ ငှားရမ်းအသုံးချခံနေရ သူတွေဟာ ဘယ်သူတွေဖြစ်သလဲလို့ ထုတ်ဖော်ပြီး သူတို့နဲ့တကွ အခြားဆက်နွယ်နေတာတွေကို သပိတ်မှောက်တဲ့ အမျိုးအစားတို့ဖြစ်ကြပါတယ်။

ဒါတွေအားလုံး မဟုတ်ရင်တောင် အတော်များများ စုမိသွားရင် အထွေထွေသပိတ်ကြီး ဖြစ်ပေါ် လာတတ်ပါတယ်။

ဒီလို လူထုဆန္ဒပြပွဲ ကြီးမားကျယ်ပြန့်လာတာနဲ့အမျှ စီးပွားရေးလုပ်ငန်း၊ ရုံးလုပ်ငန်း၊ ဝန်ဆောင် လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ လုံခြုံရေးနဲ့ ပညာရေး အစရှိတာတွေကို ယာယီအား ဖြင့် ထိခိုက်စေပါတယ်။ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းလိုမျိုး နိုင်ငံခြားငွေမှာ ရရှိတဲ့လုပ်ငန်းတွေ၊ နိုင်ငံခြားငွေ ရင်းနှီး မြှုပ်နှံမှုတွေ၊ နိုင်ငံတကာကုန်သွယ်မှု အစရှိတာတွေကတော့ ရေရှည်မှာ အကြီးအကျယ် ထိခိုက်စေလို့ အစိုးရ အာဏာပိုင်တွေက လူထုဆန္ဒပြပွဲတွေကို ကနဦးအဆင့်မှာတောင် လစ်လျူရှုဖို့ မဖြစ်နိုင်သလောက် ရှိတတ်ပါတယ်။

## စီးပွားရေးသပိတ်

စီးပွားရေးသပိတ်တွေမှာ ပြည်လုံးကျွတ် သပိတ်မှောက်တာနဲ့ တိတိကျကျ ရည်မှန်းပြီး အတိုင်း အတာတခုအထိ ချွင်းချက်နဲ့သပိတ်မှောက်တာဆိုပြီး နှစ်ပိုင်းရှိပါတယ်။ စားသုံးသူတွေရဲ့ လိုအင်ဆန္ဒကို သက်ဆိုင်ရာ အစိုးရ (သို့) ကုမ္ပဏီ (သို့) လုပ်ငန်းတွေက မဖြည့်ဆည်းပေးနိုင်တဲ့အခါမှာ လူထုဟာ ဆက်လက် ဝယ်ယူအားပေး စားသုံးမနေတော့ပဲ ရပ်ဆိုင်းလိုက်တာဖြစ်ပါတယ်။ တကယ်လို့ လိုအင်ဆန္ဒပြည့်ဝအောင် သက်ဆိုင်ရာတွေက လုပ်

ပေးနိုင်တယ်ဆိုရင် ပြန်လည်ဝယ်ယူစားသုံးဖို့ ရည်ရွယ်ရင်းရှိပါတယ်။ သပိတ်မှောက်ခံရရင် ဘယ်လို စီးပွားရေး လုပ်ငန်းမဆို အကျိုးစီးပွား ကျဆင်းသွားရပါတယ်။ တကယ်လို့ ရေရှည်မရပ်တည်နိုင်တော့ဘူးဆိုရင်၊ ဒါမျိုးတော့ မလုပ်သင့်ဘူးလို့ ဆုံးဖြတ်လိုက်ရင် စားသုံးသူတွေရဲ့ဆန္ဒကို လိုက်လျောပေးလာရပါတယ်။ ဒါဆိုရင် သပိတ်တိုက်ပွဲ အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်။

သပိတ်မှောက်တဲ့အခါမှာ တနိုင်ငံလုံးအတိုင်းအတာနဲ့ စီးပွားရေးသပိတ်မှောက်တာ ရှိပါတယ်။ ပြည်လုံးကျွတ် သပိတ်မှောက်တာလို့ ပြောကြပါတယ်။ ဒေသတခုအတွင်း ဒါမှမဟုတ် သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်း သပိတ်မှောက်တာလည်း ရှိပါတယ်။ စားသုံးသူတွေဘက်က စည်းရုံးလှုပ်ရှားနိုင်တဲ့အပေါ် မူတည်တတ်ပါတယ်။ ပြီးတော့ ဘယ်လိုရည်မှန်းချက်ထားရှိသလဲ အပေါ်လည်း မူတည်ပါတယ်။

အချို့နိုင်ငံတွေမှာ ပြည်သူလူထုဟာ စီးပွားရေးလွတ်လပ်ခွင့်မရပဲ အစိုးရကသာ လက်ဝါးကြီးအုပ် ထိန်းချုပ်ထားလို့ စားသုံးကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေဟာ အပြိုင်အဆိုင် တိုးတက်တာမရှိပဲ ဖြစ်နေတတ်ပါတယ်။ အစိုးရရဲ့ စီးပွားရေးကိုင်တွယ်မှုနဲ့ ဘဏ္ဍာရေးစနစ် ညံ့ဖျင်းတဲ့အခါမှာ နောက်ဆုံး စီးပွားရေးသပိတ်မှောက်ခံရပါတော့တယ်။

အခု မြန်မာနိုင်ငံရဲ့အဖြစ်က ဒီလိုအနေအထားမျိုး ဖြစ်နေပါတယ်။ လောင်စာဆီဈေးနှုန်း မြင့်တက်သွားတာဟာ မီးပွားတခုသာဖြစ်ပါတယ်။ ဒီမီးပွားရဲ့အကျိုးဆက်ကြောင့် အထွေထွေကုန်စည်နဲ့ ဝန်ဆောင်မှုတွေ ဈေးမြင့်သွားရပြီး အထွေထွေ အကျပ်အတည်းကို ပိုမိုဆိုးဝါးသွားစေခဲ့ပါတယ်။ ပင်မအကြောင်းရင်းကတော့

- ဈေးကွက်စီးပွားစနစ် အမှန်တကယ် မထွန်းကားတာ၊
- အစိုးရရဲ့ စီးပွားရေး စီမံခန့်ခွဲမှု ညံ့ဖျင်းတာနဲ့
- အစိုးရရဲ့ ဘဏ္ဍာရေးစနစ် ညံ့ဖျင်းတာတွေပဲလို့ ပြောရမှာဖြစ်ပါတယ်။

ဒါဟာ နိုင်ငံရေးသဘောနဲ့ လုံးဝပတ်သက်နေတဲ့ အချက်ဖြစ်ပါတယ်။ ဒီအခါမှာ လူထုလှုပ်ရှားမှုဟာ နိုင်ငံရေးလမ်းကြောင်းနဲ့ ရောယှက်သွားရပါပြီ။ ရောယှက်တယ်ဆိုပေမယ့် လှုပ်ရှားမှုအပိုင်းချင်းက သီးသန့်စီသွားကြရတာ ဖြစ်ပါတယ်။

အလွှာပေါင်းစုံက လူထုအနေနဲ့ စားသုံးသူသပိတ်ကိုဆင်နွှဲတဲ့အခါ အစိုးရရဲ့အကျိုးစီးပွား ထိခိုက်စေနိုင်တာတွေကို ပစ်မှတ်ထားပြီး လှုပ်ရှားတတ်ပါတယ်။ နမူနာဆိုရင်

- အစိုးရဝင်ငွေရမယ့် လုပ်ငန်းတွေကို အဆက်ဖြတ်တောက်တာမျိုး (ဥပမာ– စည်ပင်သာယာခွန်၊ တယ်လီဖုန်းခ၊ သတင်းစာ၊ ရုပ်မြင်သံကြား အစရှိတာတွေ)
- ဘဏ်အပ်ငွေတွေကို ပြန်လည်ထုတ်ယူတာမျိုး၊
- အစိုးရထံမှ ချေးငွေအတွက် အကြွေးမဆပ် အတိုးမပေးပဲ နေတာမျိုး၊
- အစိုးရအား ထောက်ပံ့လှူဒါန်းတာတွေ ရပ်ဆိုင်းတာမျိုး၊
- အစိုးရ (သို့) အစိုးရနဲ့ ပေါင်းဖက်လုပ်စားနေကြသူတွေရဲ့ စီးပွားရေးလုပ်ငန်းတွေကို သပိတ်မှောက်တာမျိုး၊ (ဥပမာ– ဒီမိုကရေစီကို မြတ်နိုးလို့ ထောက်ခံလှုပ်ရှားသူ စင်ကာပူရောက် မြန်မာတွေက ဦးတေဇပိုင် အဲယား ပုဂံ နိုင်ငံတကာလေကြောင်းလိုင်းကို မစီးနင်းတော့ဖို့၊ သူတို့နေအိမ်တွေမှာ စစ်အစိုးရ၊ ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တို့ရဲ့ အသိုင်းအဝိုင်းတွေကို ငှားရမ်းနေထိုင်ခွင့် မပြုတော့ဖို့ စီစဉ်နေတယ်လို့ ကြားသိနေရပါတယ်။)
- ကုန်သည်သပိတ်မှောက်တာမျိုး၊
- ဈေးရောင်းသူတွေက သပိတ်မှောက်တာမျိုး (အိမ်–ခြံ–မြေ–ကား–ပစ္စည်းတွေ မရောင်းပဲထားတာ)၊
- ဆိုင်သော့ ပိတ်ထားတာမျိုး၊
- မဖြစ်မနေ ဝယ်ယူစားသုံးရတာကလွဲလို့ ရနိုင်သမျှ ချိုးခြံချွေတာ တာမျိုးတွေ လုပ်လေ့ရှိကြပါတယ်။

ရေမြေသဘာဝနဲ့ လက်ရှိပစ္စုပ္ပန်ပေါ်မူတည်ပြီး ဒေသတခုနဲ့တခု အနည်းအများ ကွာခြားမှု ရှိတတ်ပါတယ်။ မိမိတို့ စွမ်းရည်အလိုက် ကြံဆလုပ်ဆောင်နိုင်သမျှ အပြောင်းအလဲတွေ၊ နည်းလမ်းသစ်တွေလည်း ဖန်တီးနိုင်လေ့ရှိပါတယ်။

စီးပွားရေးသပိတ်မှောက်တဲ့အခါမှာ နိုင်ငံရေးသမားတွေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းတို့လည်း ပါဝင်ကြတဲ့ နိုင်ငံရေးလမ်းကြောင်းကနေ လှုပ်ရှားတဲ့ပုံစံတွေကတော့

- နိုင်ငံတကာမှ စီးပွားရေး ပိတ်ဆို့မှုသပိတ်
- ပြည်တွင်းကုန်သွယ်ရေးကို ရပ်ဆိုင်းတဲ့ သပိတ်
- နိုင်ငံတကာ အရောင်းအဝယ် ကုန်သွယ်ရေး ရပ်ဆိုင်းတဲ့သပိတ်

- လူထုအကျိုးစီးပွားကို ဖြစ်စေမယ့် ဈေးကွက်သစ်တွေ ဖန်တီးတာမျိုး ဖြစ်ပါတယ်။

## အလုပ်သမားသပိတ် ဘယ်လိုမှောက်ကြသလဲ

တခါတလေမှာ အလုပ်သမားသမဂ္ဂက အရေးယူဆောင်ရွက်တာမဟုတ်ပဲ သမဂ္ဂအဖွဲ့ဝင် အလုပ်သမားတွေကိုယ်တိုင်က သပိတ်မှောက်တတ်ကြပါတယ်။ ဒီလိုမျိုးဖြစ်ခဲ့ရင် တရားမဝင်တဲ့ အလုပ်သမားသပိတ် (Wildcat Strike)လို့ခေါ်ပါတယ်။ သမဂ္ဂကကြီးမှူးတဲ့ အလုပ်သမားသပိတ်လို အကာအကွယ်မရပဲ သပိတ်တိုက်ပွဲဝင်ရတာဖြစ်ပါတယ်။

အလုပ်သမားတွေ သပိတ်မှောက်တတ်တာ အမျိုးမျိုးရှိပါတယ်။ ပထမတမျိုးကတော့ သပိတ်မှောက်တဲ့ အလုပ်သမားတွေဟာ လုပ်ငန်းခွင်ကို ဝင်ရောက်လုပ်ကိုင်ဖို့ ငြင်းဆန်တတ်ကြပါတယ်။ နောက်တမျိုးကတော့ သပိတ်မှောက်တဲ့ အလုပ်သမားတွေက လုပ်ငန်းခွင်အပြင်ဘက်မှာ စုရုံးနေကြပြီး အလုပ်လုပ်ဖို့လာတဲ့ အခြားအလုပ်သမားတွေကို အလုပ်မလုပ်ဖို့ စည်းရုံးတာ၊ တားဆီးတာတွေ လုပ်ကြပါတယ်။ Picketing လို့ခေါ်ပါတယ်။ အကြမ်းမဖက်တဲ့ အလုပ်သမား လှုပ်ရှားမှု ဖြစ်ပါတယ်။

နောက်တမျိုးကတော့ အလုပ်သမားတွေဟာ လုပ်ငန်းခွင်ထဲ ဝင်ရောက်နေရာယူထားပေမယ့် အလုပ်မလုပ်ပဲ ထိုင်နေကြတာဖြစ်ပါတယ်။ ဒီအခါမှာ အလုပ်ရှင်ဟာ သူတို့နေရာမှာ အစားထိုးဖို့ အခြား အလုပ်သမား (Scab Labour)တွေကို ခေါ်သုံးလို့မရပဲ ဖြစ်နေပါတော့တယ်။ Sitdown Strike လို့ခေါ်ပါတယ်။ အမိန့်စည်းမျဉ်း ဥပဒေသတွေကို ဆန့်ကျင်အာခံတဲ့ Civil Disobedience အမျိုးအစားတခုဖြစ်ပါတယ်။ (၂၀)ရာစု အစပိုင်းလောက်က စတင်ကျင့်သုံးလာခဲ့တဲ့နည်း ဖြစ်ပါတယ်။

သိပ်မပြင်းထန်တဲ့နည်းတမျိုးကတော့ အဖြစ်သဘောလောက်ပဲ လုပ်ပေးပြီး သပိတ်မှောက်တာ (Work-to-rule) ဖြစ်ပါတယ်။ လုပ်ငန်းသဘောအရ မဖြစ်မနေလုပ်ပေးရတဲ့ အလုပ်ကိုသာ ရွေးလုပ်လိုက်တာပဲ ဖြစ်ပါတယ်။ အနိမ့်ဆုံးလိုအပ်ချက်ကိုပဲ လုပ်တဲ့အတွက် လုပ်ငန်းလည်ပတ်မှုအရှိန် ကျဆင်းသွားရပါတယ်။ ဥပမာဆိုရင် သူနာပြုဆရာမတဦးဟာ လူနာကို ပြုစုစောင့်ရှောက်တဲ့အလုပ်ကိုပဲလုပ်ပြီး တယ်လီဖုန်းမြည်နေတာကို ပြန်မဖြေပဲ နေတာမျိုးဖြစ်ပါတယ်။ ကျောင်းဆရာတဦးဆိုရင်လည်း စာသင်တာကိုပဲလုပ်ပြီး အခြားအလုပ်မှန်သမျှ လုပ်ပေးဖို့ ငြင်းဆန်တာမျိုး ဖြစ်ပါတယ်။ စာအုပ်ကြီးအတိုင်းလုပ်တယ် (Rule-book slowdown)လို့လည်း လူသိများပါတယ်။

အဲဒီလိုမျိုး ခပ်ဆင်ဆင် ရှိတာကတော့ အလုပ်လုပ်တဲ့အရှိန်ကို တမင်တကာလျှော့ချပြီး သပိတ်မှောက်တာ (Slowdown) ဖြစ်ပါတယ်။ လစာမရတဲ့အခါ၊ အလုပ်ဖြုတ်ခံရဖို့ ရှိနေတဲ့အခါမှာ သုံးတတ်ကြပါတယ်။

အလုပ်သမားတွေက သပိတ်မှောက်တဲ့အခါမှာ လုပ်ငန်းရှင်က အလုပ်သမားသမဂ္ဂ ရှိနေရက်နဲ့ ညှိနှိုင်းဆွေးနွေး အဖြေရှာတာမျိုးမလုပ်ပဲ အလုပ်ရုံကိုပိတ်ပြီး တုန့်ပြန်တတ်တာလည်း ရှိပါတယ်။ ဒါကို တန်ပြန်သပိတ် (Lockout / Shutout or Reverse Strike)လို့ ခေါ်ပါတယ်။ အများအားဖြင့်မှာတော့ အလုပ်သမားလစာငွေတွေကို မရှင်းပေးနိုင်တဲ့အခါ၊ ရှင်းမပေးလိုတဲ့အခါမှာ ဖြစ်တတ်ပါတယ်။ အလုပ်လုပ်ပေးချင်တဲ့ အလုပ်သမားတွေ ရှိနေရင်တောင်မှ ပေးမဝင်တော့ပါဘူး။ အလုပ်မှာ အရှိန်လျှော့ချတဲ့ Slowdown လို သပိတ်မျိုးရှိရင်လည်း ပိုင်ရှင်က စက်ရုံအလုပ်ရုံကို ပိတ်ပစ်တတ်ပါတယ်။ ဒါကြောင့် အချို့ အလုပ်သမားသပိတ်တွေမှာ အလုပ်သမားတွေက စက်ရုံအလုပ်ရုံကို ဝင်ရောက်သိမ်းပိုက်တာတွေ လုပ်လေ့ရှိတယ်။ ဥပမာ– ပြင်သစ် တနိုင်ငံလုံး ပါဝင်လှုပ်ရှားတဲ့ မေ ၆၈ အထွေထွေ သပိတ်ကြီးမှာ စက်ရုံပေါင်း (၅၀)လောက်ကို အလုပ်သမားတွေက အရင် သိမ်းပိုက်ထားလိုက်ပြီးမှ သူတို့ရဲ့ အလုပ်သမား အခွင့်အရေးတွေကို တောင်းဆိုခဲ့ကြပါတယ်။

### အလုပ်ရုံ–စက်ရုံ–ကျောင်း–ဆေးရုံ–ရုံးအစရှိသည်တို့တွင် သပိတ်မှောက်သည့် ပုံစံအမျိုးမျိုး

- ဆန္ဒပြသည့်အနေဖြင့် တမဟုတ်ချင်း အလုပ်ခွင်မှ ထွက်သွားခြင်း
- အာပတ်လွတ်နိုင်သမျှ လွတ်အောင်ရှောင်၍ အလုပ်နှောင့်နှေးစေခြင်း
- မလုပ်တတ်သည့်ဟန်ဆောင်ခြင်း
- ပြဿနာများ များပြားရှုပ်ထွေးနေအောင်ဖန်တီး၍ အထက်လူကြီးများအား စိတ်ခြောက်ခြားစေခြင်း၊ စိတ်ညစ်စေခြင်း၊ မခံချိမခံသာ ဖြစ်စေခြင်း၊ အလုပ် မအားမလပ် ဖြစ်စေခြင်း၊
- ပြောရေးဆိုခွင့် ရနေအောင်သာ အလုပ်အဝင်ပြပြီး အလုပ် မလုပ်ပဲနေခြင်း၊

* နေမကောင်း၍၊ ခရီးစရိတ်မရှိ၍ဟု ပြောပြီး အလုပ်မလာခြင်း၊
* အလုပ်ထွက်စာတင်ခြင်း၊
* မိမိစိတ်ကြိုက် ကျွမ်းကျင်ရာကို အသုံးချ၍ သပိတ်မှောက်ခြင်း
* အလုပ်နေရာပြောင်းရွှေ့မှုများ၊ အလုပ်သစ်များကို လက်ခံရန် ငြင်းဆိုခြင်း၊
* အထက်အရာရှိတို့မှ ပေးသော အမိန့်ညွှန်ကြားချက်များကို ငြင်းဆန်ခြင်း၊ မသိချင်ယောင်ဆောင်ခြင်း၊ အများနှင့်ရော၍ အာခံခြင်း၊
* စုရုံးနေသည်များကို လူစုခွဲခိုင်းသော်လည်း နားမထောင်ပဲနေခြင်း
* အစည်းအဝေးများသို့ မတက်ရောက်ခြင်း
* ထိုင်သပိတ်မှောက်ခြင်း၊
* နေရာဖယ်မပေးပဲ ပိတ်ဆို့ထားခြင်း၊
* အတင်းဝင်ရောက်၍ နေရာယူထားခြင်း
* ဈေးတပ်ဆွဲ၊ ချောဆွဲ၊ မဆိုင်သည့်တာဝန်များပေး၍ လုပ်အားခိုင်းစေလာပါက လက်မခံခြင်း၊ ရှောင်တိမ်းနေခြင်း၊ ထွက်ပြေးခြင်း၊ နာမည်နှင့် လိပ်စာများကို အမှန်အတိုင်း မပေးပဲ ပြောင်းထားခြင်း၊
* အထက်က ချမှတ်သည့် အမိန့်၊ သတင်းထုတ်ပြန်ချက်များကို ပိတ်ဆို့ကြန့်ကြာစေခြင်း၊
* တရားစီရင်ရေးတွင် ယိုင်းပင်းကူညီမှု မလုပ်ပေးခြင်း
* အစိုးရဌာနအချင်းချင်း ပူးပေါင်းလုပ်ဆောင်ရသည့် လုပ်ငန်းများကို မတွင်ကျယ်နိုင်အောင် လုပ်ထားခြင်း၊
* အစိုးရချုပ်ကိုင်သော အသံလွှင့်လုပ်ငန်း၊ သတင်းစဉ်လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာစေခြင်း (သို့) ရပ်တန့်သွားစေခြင်း၊
* ယခင်က အမိန့်ညွှန်ကြားချက်တို့ဖြင့် ပိတ်ဆို့တားမြစ်ထားသည်များကို ဆန့်ကျင်လုပ်ဆောင်ခြင်း၊

## လူစုလူဝေးဖြင့် စီတန်းလှည့်လည်ခြင်း

လူစုလူဝေးဖြင့် စီတန်းလှည့်လည်ရာတွင် ကန့်ကွက်ဆန္ဒပြရသည့်အကြောင်းရင်းကို ထုတ်ဖော်၍ ဖြေရှင်းပေးရန် ငြိမ်းချမ်းစွာ တောင်းဆိုဆန္ဒပြခြင်းဖြစ်သည်။ ထိုသို့စီတန်းလှည့်လည်ရာတွင်

* ကြွေးကျော်သံများ တိုင်တည် အော်ဟစ်ခြင်း၊
* အများပြည်သူတို့ မြင်သာအောင် ပိုစတာများ ကိုင်ဆောင်ခြင်း၊
* ကြွေးကျော်သံများ မဟစ်ကြွေးပဲ လမ်းလျှောက်ချီတက်ခြင်း၊
* ဘာသာရေးအရ စီတန်းလှည့်လည်ခြင်း
* သံဃာတော်များက မေတ္တာပို့များ (ပရိတ်ကြီး) ရွတ်ဖတ်၍ စီတန်းလှည့်လည်ခြင်း၊ (ပခုက္ကူ သံဃာတော်များ ၅-၉-၀၇)
* အားပေးထောက်ခံနေကြသော ပြည်သူတို့ပါဝင်လာအောင် စည်းရုံးနိုးဆော်၍ ချီတက်ခြင်း
* သီချင်းဆို၍၎င်း၊ တူရိယာများ တီးမှုတ်၍၎င်း စီတန်းလှည့်လည်ခြင်း
* ဘုရားဖူးသွား၍ ဆုတောင်းဝတ်ပြုခြင်း၊ လှူဒါန်းခြင်း၊
* အထိမ်းအမှတ်နေရာများ၊ တာဝန်ရှိသူများရှိရာ နေအိမ်-ရုံး-ပြတိုက်-အဆောက်အဦများဆီသို့ သွားရောက်ခြင်း၊
* သုသာန်များသို့သွားရောက်၍ ကျဆုံးသူများကို ဂုဏ်ပြုခြင်း၊

## အတည်တကျ နေရာယူ၍ လှုပ်ရှားခြင်း

လူစုလူဝေးဖြင့် စီတန်းလှည့်လည်ခြင်းမရှိပဲ သင့်လျော်သော အဆောက်အဦ ခန်းမ၊ ကွက်လပ် အစရှိသည်တို့ တွင် အတည်တကျနေရာယူ၍ ငြိမ်းချမ်းစွာ လှုပ်ရှားသည့် ပုံစံအမျိုးမျိုး ရှိသည်။

* လူထုဟောပြောပွဲများ ကျင်းပခြင်း၊ (နိုင်ငံရေးသမားများ၊ ထင်ရှားကျော်ကြားသူများ၊ ရုပ်ရှင်-ဂီတ -စာပေ အစရှိသည်ပုဂ္ဂိုလ်များ၊ ရှေ့နေများ အစရှိသူတို့မှ လူထုပရိသတ်ကို ဟောပြောကြသည်။)
* ပန်ကြားလွှာများ၊ ကန့်ကွက်စာများ၊ ထောက်ခံစာများ၊ အသင်းအဖွဲ့ ကြေညာချက်များကို ပြသထားခြင်း၊ ဖတ်ကြားခြင်း၊ ဖြန့်ဝေခြင်း၊
* လူထုဆန္ဒခံယူသည့် လက်မှတ်များ ကောက်ခံခြင်း၊

- အလံများ၊ ပိုစတာများ၊ စာတမ်း–ကြော်ငြာများကို မြေပြင်နှင့် မိုးပျံပုံစံများဖြင့် လွှင့်ထူပြသထားခြင်း၊
- ရုပ်ပုံကားချပ်များ၊ ဓါတ်ပုံအထောက်အထားများ၊ ရုပ်ပြောင်များ၊ သရော်စာများ ပြသထားခြင်း၊
- ပြည်သူတို့အား နိုးဆော်ပေးသော ရေဒီယို၊ သီချင်း၊ ဗီဒီယိုနှင့် ရုပ်မြင်သံကြားတို့ကို ဖွင့်ထားခြင်း၊
- တူညီဝတ်စုံများ၊ တံဆိပ်များဖြင့်ရင်း၊ သီချင်းများဆို၍ရင်း၊ စိတ်ထိခိုက်ဖွယ်နှင့် ဟာသပြဇာတ်များ တင်ဆက်၍ရင်း ပြည်သူလူထုတို့၏ စိတ်ဓါတ်များ နိုးကြားတက်ကြွအောင် ပြုလုပ်ခြင်း၊
- ဆုတောင်းဝတ်ပြုခြင်း၊
- ဖယောင်းတိုင်မီးများထွန်း၍ ဝမ်းနည်းမှုကို ဖော်ထုတ်ခြင်း၊
- လူထုလှုပ်ရှားမှု သင်တန်းများ ပို့ချခြင်း၊
- မိမိတို့၏ ယုံကြည်အားကိုးမှုများ ကုန်ဆုံးသွားပြီဖြစ်ကြောင်း ပြသသည့်အနေဖြင့် ရရှိထားသော ဘွဲ့–ဂုဏ်ထူး အဆောင်အယောင်များနှင့် အဖွဲ့ဝင်ကဒ်ပြားများ စွန့်လွှတ်ခြင်း၊

မြန်မာနိုင်ငံမှာ လူထုလှုပ်ရှားမှုတွေကို အာဏာပိုင်တွေက ဘယ်လို လိုက်လျောပေးမလဲ၊ ဘယ်လို နှိပ်ကွပ်လာဦးမလဲဆိုတာ မခန့်မှန်းနိုင်သေးပါဘူး။ ပြီးတော့ လူထုခံစားနေရတဲ့ အထွေထွေ အကျပ်အတည်းဟာ ဘယ်လောက်ကြာအောင် ရှိနေမယ်ဆိုတာလည်း ကြိုတင်ပြောလို့မရနိုင်သေးပါဘူး။ ဘာပဲဖြစ်ဖြစ် အခုဆိုရင် လူထုရဲ့ ဆန္ဒကို မလိုက်လျောလိုတဲ့၊ လူထုရဲ့ပြဿနာတွေကို ဖြေရှင်းမပေးလိုတဲ့ အာဏာပိုင်တွေကို အစိုးရလို့ လေးစား ကြည်ညိုနိုင်ဖို့၊ တရားဝင် အသိအမှတ်ပြုနိုင်ဖို့တောင် အင်မတန် ခက်ခဲတဲ့ အနေအထားကို ရောက်နေပါတယ်။

လွင်အောင်စိုး